ချောင်းကြီးမာနားကျေးရွာ
ကျောက်ဝါကျေးရွာအုပ်စု၊
မိုးကုတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ချောင်းကြီးမာနားကျေးရွာ၊ မိုးကုတ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး
ဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ အောက်တိုဘာ

မာတိကာ

မာတိကာ

၁. မိုးကုတ်မြို့နယ်၊ ကျောက်ဝါကျေးရွာအုပ်စု၊ ချောင်းကြီးမာနားကျေးရွာ၏သယံဇာတပြမြေပုံ ၂

၂. မိုးကုတ်မြို့နယ်၊ ကျောက်ဝါကျေးရွာအုပ်စု၊ ချောင်းကြီးမာနားကျေးရွာ၏ရာသီခွင်ပြ ပြက္ခဒိန် ၄

၃. မိုးကုတ်မြို့နယ်၊ ကျောက်ဝါကျေးရွာအုပ်စု၊ ချောင်းကြီးမာနားကျေးရွာ၏ကျေးရွာတွင်း၊ ရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ ၅

၄. မိုးကုတ်မြို့နယ်၊ ကျောက်ဝါကျေးရွာအုပ်စု၊ ချောင်းကြီးမာနားကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ ၆

၄.က ။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄. ခ ။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆-၇

၄. ဂ ။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ ၆-၇

၄. ဃ။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၇-၈

၄. င။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ ၈

၄. စ။ ပညာရေး ၉

၄.ဆ။ ကျန်းမာရေး ၉-၁၀

၄.ဇ ။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၀

၄.ဈ ။ ကျား - မရေးရာ ၁၁

၅။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၂


နောက်ဆက်တွဲများ

. နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၃


. နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၄-၄၉

. နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၅၀-၅၁


၁. မိုးကုတ်မြို့နယ်၊ ကျောက်ဝါအုပ်စု၊ ချောင်းကြီးမာနားကျေးရွာ၏ သယံဇာတပြမြေပုံ



၂. . မိုးကုတ်မြို့နယ်၊ ကျောက်ဝါအုပ်စု၊ ချောင်းကြီးမာနားကျေးရွာ၏ ရာသီခွင်ပြ-ပြက္ခဒိန်ပြပုံ



၃. . မိုးကုတ်မြို့နယ်၊ ကျောက်ဝါအုပ်စု၊ ချောင်းကြီးမာနားကျေးရွာ၏ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



၄. မိုးကုတ်မြို့နယ်၊ကျောက်ဝါအုပ်စု၊ ချောင်းကြီးမာနားကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က ။ တည်နေရာနှင့်ပထဝီအနေအထား

ချောင်းကြီးမာနားကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်တွင် ပါဝင်ပြီး မိုးကုတ်မြို့ နှင့် (ရမိုင်ဘဖာလုံ) ခန့် ကွာဝေးသည်။ မြောက်လတ္တီတွဒ်(၂၂ ၅၈')၊ အရှေ့လောင်ဂျီတွဒ် (၉၆ ၃၁') ရှိပါသည်။ တောင်ပေါ်ဒေသဖြစ်ပြီး ဗမာ၊လူဆူ၊ရှမ်း၊ကရင် လူမျိုးများ စုပေါင်း နေထိုင်ကြသည့် ကျေးရွာဖြစ်ပြီး ပင်လယ်ရေ မျက်နှာပြင်အထက်ပေ (၃၀၀၀) ကျော် အထက်တွင် တည်ရှိပြီး ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသော ကုန်းစံကျေးရွာ ၊ ချောင်းကြီးကျေးရွာ များဖြင့် ဆက်သွယ်ထားသည်။ ချောင်းကြီးမာနား ကျေးရွာသည် ကုန်သွယ်ရေး၊ လမ်းပန်း ဆက်သွယ် ရေးနှင့် အခြားလူမှုစီးပွားရေး အတွက်ကျေးရွာချင်းဆက်လမ်းမကြီးကို အဓိကအားထားသော ကျေးရွာ ဖြစ်သည့်အလျောက် ကျေးလက်ဒေ သများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းမကြီးကို ပိုမို ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

၄.ခ ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ချောင်းကြီးမာနားကျေးရွာသည်မိုးများပြီး သင့်တင့်သော ရာသီဥတုမျိုး ရရှိသော ဒေသတစ်ခု ဖြစ် သည်။ တောင်တန်းဒေသဖြစ်ပြီး စိုက်ပျိုးမြေနည်းသည်။စိုက်ပျိုးနိုင်သော ဥယျာဉ်ခြံ (၆၃၁.၂) ဧက၊ ၊စိုက်ပျိုးသူဦးရေ (၇၂) ဦးရှိသည်။ မြေဆီမြေဩဇာအသင့်အတင့် ကောင်းမွန်သည်။ တောင်သူ အများစုသည် နှစ်ရှည်သီးနှံ ခြံလုပ်ငန်း လိမ္မော်၊ပိန္နဲ၊ ရာသီသီးနှံ ၊ချင်ဆော်ခါးသီး၊ ပင်မှည့်သီး၊ ငှက်ပျောသီး၊သံပုရာသီးစိုက်ပျိုးကြသည်။ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း၍ နေ့စားလုပ် သား များအဖြစ်ဝင်ရောက်လုပ်ကိုင်းကြပါသည်။ စိုက်ပျိုးရေ အနေဖြင့် သဘာဝစိမ့်စမ်း ရေကို အသုံးပြု၍ စိုက်ပျိုးကြ သည်။

၄.ခ ။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ချောင်းကြီးမာနားကျေးရွာတွင်လူမှုရေးကိုအခြေခံထားသောအဖွဲ့(၁၂)ဖွဲ့ရှိသည်။ဘာသာရေး၊ ကျန်းမာရေး၊ လူမှုရေးယဉ်ကျေးမှုနှင့်စီးပွားရေးကို အခြေခံ၍ဝိုင်းဝန်းလုပ်ဆောင်ကြသည်။ ကျန်းမာရေးကို အခြေခံသောအဖွဲ့ မတွေ့ရဘဲ အချို့သော ရွာတွင်း ကာကွယ်ဆေးတိုက်လုပ်ငန်းတွင် ရပ်မိရပ်ဖ များမှဝိုင်းဝန်း ကူညီမှုရှိသည်။ ကျေးရွာ၏ လူမှုရေး အဖွဲ့တွင် ကျေးရွာလူငယ်မောင်မယ် (အပျိုလူပျို) အဖွဲ့တို့ ပါဝင်သည်။ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ တို့သည် အမျိုးသမီးများကိုယ်တိုင်ဦးဆောင်သော အမျိုးသမီး အဖွဲ့များဖြစ်ကြသည်။ ကျေးရွာတွင် လူမှုကူညီရေးအဖွဲ့သီးသန့်ဖွဲ့စည်းထားခြင်းရှိသည်၊ ကျေးရွာတွင် စီးပွားရေးကို အခြေခံသော အဖွဲ့ အစည်း ငွေစုငွေချေးအသင်းများမရှိ။ စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေး ငွေသည် ပုံစံ(၇) မရှိသော တောင်သူများ အဖို့ကန်သတ်မှုရှိ

သောကြောင့် ချေးငွေလုပ်ငန်းများ လိုအပ်သည်။ကျေးလက် ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သော မြစိမ်းရောင်ချေးငွေလုပ်ငန်းရှိ ပါသည်။ အကယ်၍ အစိုးရဝန်ကြီးဌာနမှ ဒေသတွင်းချေးငွေလုပ်ငန်းများကို တရားဝင်မှတ်ပုံ တင်ပေးပြီး အစိုးရအတိုးနှုန်း နှင့်ကွာဟမှုမများသော အတိုးနှုန်းအဖြစ် ထိန်းညှိပေးခြင်းဖြင့် သော်လည်းကောင်း၊ အစိုးရ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ငွေးကြေး ဝန်ဆောင်မှုအသစ်များချပေးခြင်းဖြင့်သော်လည်းကောင်း ပြုလုပ်ပေး မည်ဆိုပါကကျေးရွာ၏ စီးပွားရေး အလျင်အမြန် ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပါသည်။ လူငယ် လူရွယ်များနှင့် အမျိုးသမီး အုပ်စုများအား ကျေးရွာ၏အုပ်ချုပ်ရေးနှင့် ဦးဆောင်မှုအပိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်စေရန်တာဝန်ခွဲဝေခြင်း၊ ပူးပေါင်းဆောင်ရွက်အားဖြင့် ကျေးရွာပိုမို ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်နိုင်သည်။

၄.ဃ ။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

စိုက်ပျိုးရေးသည်ကျေးရွာ၏ အဓိကလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမန် အားဖြင့် လျော့နည်းသည်။ ဓနအဆင့်သတ်မှတ်မှုအရ ချမ်းသာသော အိမ်ထောင်စု ဦးရေသည် အိမ်ထောင်စုအားလုံး၏ (၈.၁၄၈%) သာရှိပြီး အလယ်အလတ်ရှိသော မိသားစု (၃၉.၂၅%) ရှိ သည်။ ဆင်းရဲ(၃၈.၅၁%) နှင့် အလွန် ဆင်းရဲအဆင့်မိသားစု(၁၄.၀၇%) ရှိသည်။ ချမ်းသာသော မိသားစု များသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် အရောင်းအဝယ်လုပ်ငန်း အိမ်ဆိုင်(စျေးရောင်း) လုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုအားဖြင့် အများစုမှာ ခြံမြေ၈က (၂၀)၈ကနှင့် အထက် ပိုင်ဆိုင်ကြသည်။

အဆင်ပြေသောမိသားစုများသည် အများ အားဖြင့် စိုက်ပျိုးမြေ (၂၂) ၈ကမှ (၁၀)၈က အကြား ပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေးကိုအဓိက လုပ်ကိုင် ကြသည်။ တွဲဖက်လုပ်ငန်းများအဖြစ် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်ကြသည်။ အဆင်မပြေသောမိသားစုအများမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် အငှားဝင် လုပ်ခြင်း (သူရင်းငှား)၊ နေ့စားလိုက်ခြင်းနှင့် ပြင်ပတွင်ထွက်၍လုပ်ကိုင်ခြင်း၊ ကျပန်းလုပ်ခြင်းဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းကြရသည်။ ကျေးရွာတွင် နှစ်ရှည်ခြံစိုက်ပျိုးခြင်းလုပ်ငန်းကို မိကထားစိုက်ပျိုးကြသည်။ မျိုး စေ့၊ ပျိုးပင်အနေဖြင့်မိရိုးဖလာ နည်းလမ်းများဖြင့်သာ စိုက်ပျိုးကြ သည်။ စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ပံ့ပို့မှုအားနည်းသည်။ စိုက်ပျိုးရေးသွင်း အားစုတွင် မျိုးကောင်းမျိုးသန့် ရရှိနိုင်မှု ၊စိုက်ပျိုးရေးအတွက် နည်းပညာများပို့ချနိုင်လျှင် ပို၍တိုးတက်လာနိုင်မည် ဖြစ်ပါသည်။

ကျေးရွာတွင် ဒေသဆိုင်ရာ မွေးမြူရေးတိရိစ္ဆာန်များကိုသာ မွေးမြူကြပြီး မွေးမြူရေးလုပ်ငန်းများမှာ တစ်ပိုင် တစ်နိုင်မွေးမြူကြသည်။ ငါးမွေးသည့် အိမ်ထောင်စုမရှိပါ။ မိရိုးဖလာအရ စိုက်ပျိုးရေး တစ်မျိုး

တည်းကိုသာအဓိက အားထားသောကြောင့်လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဗဟုသုတအားနည်း ခြင်းကြောင့် လည်းကောင်း၊ မွေးမြူရေးဝန်ကြီးဌာနမှ မွေးမြူရေးနည်းပညာနှင့် ဝန်ဆောင်မှု လက်လှမ်းမမီသောကြောင့်လည်းကောင်း၊ စီးပွားရေး အရ တွက်ခြေကိုက်ပြီး မွေးမြူရေး လုပ်ငန်းကိုလုပ်ကိုင်မှု အားနည်းသည်။ လက်ရှိအခြေ အနေတွင် ကျေးရွာတောင်သူအချို့ မျိုးတိရိစ္ဆာန် မွေးမြူရေး လုပ်ငန်းကို စိတ်ဝင်စားမှု ရှိနေကြပြီး မိမိတို့၏ပုဂ္ဂလိကပိုင်မြေကွက်များအပေါ်တွင် စီးပွားဖြစ်စမ်းသပ်မွေးမြူလိုသောဆန္ဒများရှိကြသည်။သို့ဖြစ်ပါ၍မွေးမြူရေးဝန်ကြီးဌာနမှ နည်းပညာ၊ မျိုးစိတ်များနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းဖြင့် ကျေးရွာလူထု၏ အလုပ်အကိုင် ရှားပါးမှုပြဿနာများကို ကူညီဖြေရှင်းပေးနိုင်သည်။

၄.၈ ။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ (လမ်းတံတား၊အခြားအခြေခံအဆောက်အဦများ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ချောင်းကြီးမာနားကျေးရွာတွင် အခြေခံအဆောက်အဦများဖြစ်သည့် အုပ်ချုပ်ရေးမှူးရုံး၊ စာသင်ကျောင်း ။ ။မူလတန်းကျောင်းစသည်တို့ရှိသည်။ ကျေးရွာသည် မြို့နယ်အတွင်း အခြား ကျေးရွာ/ ရပ်ကွက်များသို့ ကား၊ဆိုင်ကယ်တို့ဖြင့် အလွယ် တကူဆက်သွယ်သွားလာနိုင်သည်။ ကျေးရွာတွင်းရှိ လမ်းများမှာ မြေသားလမ်းများဖြစ်ကြပြီး ရွာတွင်းလမ်းအရှည် စုစုပေါင်း (၁မိုင်၅ဖာလုံ) ခန့်ရှည်လျားသည်။ ပွင့်လင်းရာသီတွင် ကား၊ ဆိုင်ကယ်၊ ထော်လာကျီ များ သွားလာရလွယ်ကူပြီး မိုးအခါ၌ ရွံ့ညွန်များပေါများပြီး သွားလာရခက်ခဲသည်။ အခြား ဒေသ များနှင့် ကုန်သွယ်ရေး အတွက် ရေကြောင်းလမ်း၊ မီးရထားလမ်း မရှိသောကြောင့် ကား၊ ထော်လာကျီနှင့် ဆိုင်ကယ်များကိုသာ အသုံးပြုကြသည်။ ကျေးရွာတွင် ကား (၉) စီး၊ ထော်လာကျီ (၁) စီး၊ ဆိုင်ကယ်(၁၄၃) စီးကို အသုံး ပြုလျက်ရှိသည်။ ကျေးရွာတွင် ရေအားလျှပ်စစ် (၁၃၅) အိမ်ရှိပါသည်။ ကျေးရွာသူ/သား များသည် လျှပ်စစ်မီးရရှိလိုပြီး ကော်မတီများ ဖွဲ့စည်း၍ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ရေး လုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

၄.၉ ။ ပညာရေး

လီရှောကုန်းစံရွာတွင် မူလတန်းကျောင်းရှိပြီး လက်ရှိကျောင်းစာရင်းအရ တက်ရောက်သော ကျောင်း

သား/ကျောင်းသူမှာ မူလတန်း ကျောင်း သား ဦးရေ (၄၇) ယောက်ရှိပြီး အလယ်တန်း (၄၅) ယောက် အားဆရာ (၂) ဦး၊ ဆရာမ (၂) ဦးဖြင့် သင်ကြားလျက်ရှိသည်။ အထက်တန်း တက်ရောက်ဆဲ ကျောင်း သား ဦးရေ (၁၉)ဦး ၊ တက္ကသိုလ်တက်ရောက်နေဆဲ(၂၃)ဦးရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာ၏ ပ ညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အိမ်တွင်းမှု ထု တ်ကုန်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ မျှစ်စို၊ မျှစ်ချဉ်၊ သွယ်ယူပို့ဆောင်ရေး၊ ဈေးရော င်း၊လက်သမား/ပန်းရံလုပ်ငန်း(အနည်းငယ်)၊ နေ့စားလုပ်ငန်း တို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာ သီဥတုနှင့် အမျိုးအစားကိုလိုက် လုပ်ကိုင်ကြရသည်။ စိုက်ပျိုးရေးရာသီချိန်တွင် ပုဂ္ဂလိက စိုက်ခင်းများ မှလက်လုပ်လက်စားများအားဈေးပြိုင် ပေးလုပ်သား ခေါ်ယူမှုကြောင့် ခြံစိုက်တောင်သူများအဖို့ လုပ် သား ငှားရမ်းခကြီးမားခြင်း၊ လုပ်သားရှားပါးခြင်းများ ရှိသော်လည်း လက်လုပ်လက်စားများ အတွက် အဆင်ပြေကြသည်။ ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးခြင်း၊ ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေ ကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ (၂၁၆) ရှိပြီး ကျေးရွာအတွက် အရင်းအမြစ် အသင့်အတင့် ကောင်းသ ည်ဟု ဆိုနိုင်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်း အချို့ကို ဝန်ဆောင်မှု ပေးလျက်ရှိသ ည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ အလှပြင်၊ မုန့်လုပ်နှင့် ချက်ပြုတ်နည်း သင်တန်းစသည့် အိမ်တွင်းမှုသင် တန်းများ၊ ကားမောင်းသင်တန်းများ၊ မော် တော်ဆိုင်ကယ်ပြင်၊ ကားပြင်၊ ဝပ်ရှော့ ကဲ့သို့သော စက်ပြင် သင်တန်းများ၊ ကွန်ပြူတာ သင်တန်း၊ ကွန်ပြူတာနှင့် မိုဘိုင်ဖုန်းပြုပြင်ရေး သင်တန်းများ၊ ဒိုင်နမို၊ မော် တာစသော အီလက်ထရောနစ်ဆိုင်ရာ ပစ္စည်းများပြုပြင်ရေး သင်တန်းများ လက်သမား၊ ပန်းရံစသော ဆောက်လုပ် ရေးသင်တန်းများ ဝန်ဆောင်မှုရှိသော်လည်း အချိန်ပေးနိုင်မှု အားနည်းခြင်း၊ စားဝတ်နေ ရေး အခြေအနေကြောင့် ရွာသားအများစုသည် အဆိုပါသင်တန်းများသို့ တက်ရောက်နိုင်ခြင်း မရှိချေ။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများ၌ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အလုပ်အကို င် အခွင့်အလမ်း နည်းပါးခြင်း ရှိနေဆဲ ဖြစ်ကြောင်းတွေ့ရသည်။

၄.ဆ ။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး တိုးချဲ့ရန်လိုအပ်နေသည်။ ရွာသားအများစုသည် သာ မန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှု ရှိကြသည်။ ကလေးငယ် အများစု လ ည်း ကျန်းမာကြသည်။ မွေးကင်းစ ကလေးငယ်များ အသေ အပျောက်နည်းပါးသည်။ ကျန်းမာရေး ဝန် ဆောင်မှုအနေဖြင့် မွေးကင်းစကလေးများ၊ ကိုယ်ဝန် ဆောင် အမျိုးသမီးများအား အခါ အားလျော်စွာ ကာကွယ်ဆေး ထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်း တို့ကို ပြုလုပ် ပေးသည်။

ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်း သားဖွားဆရာမနှင့်ကျေးရွာဆေးခန်းရှိသည်။ ကျေးရွာအတွင်း အ
မျိုးသမီးများ၊လူငယ်လူရွယ်များနှင့် သက်ကြီးရွယ်အိုများအတွက်အခြေခံ ကျန်းမာရေး စောင့် ရှောက်မှု
ရှိသည်။ မြို့နယ်ဆေးရုံနှင့် (၇မိုင်ဘဖာလုံ) ခန့်ကွာဝေးပြီး၊ ဆေးဆိုင်များနှင့် လက်လှမ်း မီမှုမရှိပါ။ကျေး
ရွာသားများသာမာန်အားဖြင့်ကျန်းမာကြသော်လည်း အခြေခံကျန်းမာရေး အသိပညာ ပေးမှုများ၊ က
လေး၊ လူကြီး၊ အမျိုးသမီးမကျန် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုနှင့် ကုသရေး အပိုင်းတွင် နှောင့်
နှေးလျက်ရှိ သေးသည်ကို တွေ့ရသည်။

၄.၈ ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ချောင်းကြီးမာနားကျေးရွာတွင် စိုက်ခင်းများ၌ ဖျက်ပိုးများကျရောက်တက်ခြင်းကြောင့် ပိုးသတ်ဆေး
နှင့်ဓာတု မြေဩဇာ သုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာ နိုင်သည်။ တော
င်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေး များကိုသာ အသုံး ပြုမှု များး
ပြား သည်။ ကျေးရွာတွင် ချောင်းမြောင်းမရှိဘဲ စိမ့်စမ်းရေကိုသာ သုံးစွဲ ကြသည်။ စွန့်ပစ် ပစ္စည်းများ စီ
မံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ဗူးခွံ၊ ပုလင်းခွံများ စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်
ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက် ပေးသင့်သည်။ကျေးရွာသည် မြေမျ
က်နှာသွင်ပြင်အနေအထားအရ ပင်လယ်ရေမျက်နှာပြင် အထက် အမြင့်ပေ (၄၈၀၀) ပေအထက်တွင်
တည်ရှိပြီး မြစ်နှင့်ဝေးခြင်း၊ မြို့နယ်အတွင်း အမြင့်ပိုင်း တစ်နေရာတွင် တည်ရှိခြင်းတို့ကြောင့် တောင်
တန်းထူထပ်သောဒေသဖြစ်ခြင်း၊ ကုန်တွင်ပိုင်း ဖြစ်ခြင်း တို့ကြောင့် မုန်တိုင်း အန္တရာယ် နည်းပါးသ
ည်။ ထိခိုက်မှုနည်းပါးသည်။

၄.၈၂ ။ ကျား - မရေးရာ

ပညာရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအရ မူလတန်း၊ အလယ်တန်း၊ အထက် တန်းတွင် မ
အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ် များပြီး ၊ တက္ကသိုလ် နှင့် ဘွဲ့ရများတွင် အ
မျိုးသမီးဦးရေကပိုများသည်။ ထိုကြောင့် ပညာသင်ကြားရေးအပိုင်း၌ အမျိုးသမီး များ အမျိုးသားများနဲ့
တန်းတူအခွင့်အရေးရကြသည်။ သို့သော်အချို့အလုပ်အကိုင်များနှင့်နေ့စားလုပ်ငန်း ခွင်တွင် တစ်
နေ့တာကုန်ဆုံးခြင်း၊ ခွန်အား စိုက်ထုတ်မှုတူသော်လည်း လုပ်ခလျော့ပေးခြင်း ခံရလျက်ရှိသည်။ ရပ်
ရေးရွာရေးကိစ္စများ၌ အမျိုး သမီးများပါဝင်နိုင်မှုအခွင့်အရေးရှိသည်။ ကျေးရွာ လူမှုရေးအဖွဲ့တွင် အမျိုး
သမီးများ အမျိုးသား များနဲ့ တန်းတူပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာ အတွင်း အမျိုးသမီး များ
လူကုန်ကူး ခံရမှု မရှိပေ။ အိမ်ထောင်ရေး အကြမ်းဖက်မှု မရှိကြောင်း တွေ့ရ သည်။ ရပ်မိရပ်ဖများ၊
ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု မရှိပေ။ ကျားမတန်းတူညီမျှမှုနှင့် ပ
တ်သက်၍ အသိ ပညာပေးခြင်းများ၊ လူ့အခွင့်ရေးသင်တန်းများ၊ အမျိုးသမီးစွမ်းဆောင်ရည် မြှင့်သင်တ

နှံများ ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးမှုအတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

မိုးကုတ်မြို့နယ်-ကျောက်ဝါကျေးရွာအုပ်စု- ချောင်းကြီးမာနားကျေးရွာ-ဖွံ့ဖြိုးရေးကွင်းဆက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ရွာတွင်းလမ်း မကောင်းခြင်း	- မြေသားလမ်းဖြစ်ခြင်း - ငွေကြေးချို့တဲ့ခြင်း - မိုးတွင်းကာလသွား လာရန်ခက်ခဲခြင်း	- ကျေးရွာမှလုပ်အား ပါဝင်နိုင်ခြင်း	- ငွေကြေး - နည်းပညာ - စက်ယန္တရား	- ကျေးလက်ဦးစီး ဌာနသို့တင်ပြ ဆောင်ရွက်ရန်	ကျေးရွာတွင်းလမ်းများ ကတ္တရာခင်းနိုင်ရေး စီမံချက်
၂။	သောက်သုံးရေ ပိုမိုလုံလောက် စေရန်	- နွေရာသီရေပိုမို လုံလောက်စေရန်	- ရေထွက်ရှိခြင်း - ရေလုံလောက်စွာ ရရှိနိုင်ခြင်း	- ငွေကြေး - နည်းပညာ	- ကျေးလက်ဦးစီး ဌာနသို့တင်ပြ ဆောင်ရွက်ရန်	စိမ့်စမ်းရေသွယ်တန်း ခြင်းစီမံချက်
၃။	လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း	- မဟာဓါတ်အား လိုင်းနှင့်အလှမ်းဝေး ခြင်း	- ကျေးရွာမှလုပ်အား နှင့် အချိုးကျငွေထည့် ဝင်နိုင်ခြင်း	- ငွေကြေး - နည်းပညာ - ခွင့်ပြုမိန့်	- လျှပ်စစ်ဌာနသို့ တင်ပြ ဆောင်ရွက်ရန်	လျှပ်စစ်မီးလင်းရေး စီမံချက်
၄။	ဆေးသေတ္တာ၊ ဆေးပစ္စည်းများ ပျက်စီးခြင်း	- ဆေးပေးခန်း မျက်နှာကျက် မရှိခြင်း	- ဆေးပစ္စည်းများ၊ ဆေးဝါးများဆုံးရှုံးမှု မရှိနိုင်ခြင်း	- ငွေကြေး	- သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ ဦးစီးဌာနသို့တင်ပြ ဆောင်ရွက်ရန်	ဆေးပေးခန်းပြုပြင် ခြင်းစီမံချက်
၅။	ခရီးသွားလာရာတွင်ခက်ခဲခြင်း	- နိုင်ငံသားစီစစ်ရေး ကဒ်ပြားမရှိခြင်း	- ကျေးရွာသူ/သားများ မှမဖြစ်မနေရရှိလိုခြင်း	- အဘိုး-အဘွားများနိုင်ငံသား ကဒ်မရှိခြင်း - ရုံးသို့သွားလာရန်ခက်ခဲခြင်း	- အုပ်ချုပ်ရေးမှူး နှင့်လူဝင်မှုကြီး ကြပ်ရေးနှင့်မှတ်ပုံ တင် ဦးစီးဌာနသို့ ချိတ်ဆက်ဆောင် ရွက်ခြင်း	နိုင်ငံသားစီစစ်ရေးကဒ် ပြားရရှိရေးစီမံချက်
၆။	ကျေးရွာအစည်းအဝေး၊သာရေး၊ နာရေးကိစ္စများ ကုန်ကျစရိတ် သက်သာစေရန်	- ကျေးရွာပိုင်အသံ ချဲ့စက်မရှိခြင်း - မြို့မှဌားရမ်းခြင်း အတွက်ကုန်ကျ စရိတ်များ	- ကျွမ်းကျင်စွာအသုံး ပြုနိုင်မည့်သူများ ရှိခြင်း	- ငွေကြေး	- အလှူရှင်ရှာခြင်း - ရန်ပုံငွေရှာဖွေ ခြင်း	ကျေးရွာပိုင်အသံချဲ့ စက်ဝယ်ယူရေးစီမံချက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	က်သာစွာ ဆောင်ရွက်နိုင် ရေး	ပြားခြင်း				
၇။	စာသင်ကျောင်း စာရေးခုံများ မ ကောင်းခြင်း	- စာရေးခုံများသည် နှစ်(၃၀)ခန့်ရှိ၍ ပေါက်ပြဲနေခြင်း	- မိဘဆရာအသင်းရှိ - ကျောင်းကော်မတီရှိ	- ငွေကြေး	- အလှူရှင်ရှာခြင်း - ရန်ပုံငွေရှာဖွေ ခြင်း - ပညာရေးဌာနသို့ တင်ပြခြင်း	ကျောင်းသုံးပရိဘောဂ ဝယ်ယူဖြည့်တင်းရေးစီမံချက်

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ/ အကြောင်းအရာ	ဦးစားပေးအဆင့်
၁	ကျေးရွာတွင်းလမ်းများကတ္တရာခင်းခြင်း	၁
၂	စိမ့်စမ်းရေ (၆၀၀၀')သွယ်တန်းခြင်း	၂
၃	ဆေးပေးခန်းပြုပြင်ခြင်းစီမံချက်	၃
၄	ကျေးရွာပိုင်အသံချဲ့စက်ဝယ်ယူခြင်း	၄
၅	နိုင်ငံသားစိစစ်ရေးကဒ်ရရှိရေး	၅
၆	စာသင်ကျောင်းပရိဘောဂဖြည့်တင်းရေး	၆
၇	လျှပ်စစ်မီးရရှိရေး	၇

နောက်ဆက်တွဲ (၁)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်

ချောင်းကြီးမာနားကျေးရွာ-ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်ဝင်း	ဦးစံလှ	၈/မကန(နိုင်)၀၈၁၇၄၃	၄၈	ဥက္ကဋ္ဌ	၀၉-၈၉၆၅၃၇၄၃၂
၂	ဒေါ်ဖြူဖြူမြင့်	ဦးအောင်သိန်း	၉/မကန(နိုင်)၀၈၀၃၁၃	၄၅	အတွင်းရေးမှူး	၀၉-၄၉၂၉၃၅၄
၃	ဦးဟိန်းထွန်း	ဦးသာဒွန်း	၉/မကန(နိုင်)၀၈၈၀၆၈	၃၅	ဘဏ္ဍာရေးမှူး	၀၉-၂၆၅၈၃၁၆၉၀
၄	ဒေါ်ခင်သန်းနွယ်	ဦးစံလှ	၉/မကန(နိုင်)၀၈၁၇၄၃	၅၀	စာရင်းကိုင်	၀၉-၈၉၉၁၀၂၇၄၃
၅	ဦးနေစိုးပိုင်	ဦးထွန်းအောင်	၉/မကန(နိုင်)၁၁၆၀၇၇	၂၇	သော့ကိုင် - ၁	၀၉-၄၂၉၁၄၆၆၉၉
၆	ဒေါ်အုံးမြင့်	ဦးအိုက်ရီ	၉/မကန(နိုင်)၀၇၉၁၃၄	၄၅	သော့ကိုင် - ၂	၀၉-၄၅၉၀၈၁၂၆
၇	ဒေါ်ဇော်မင်းသိန်း	ဦးစံမြ	၉/မကန(နိုင်) ၁၀၁၉၈၆	၃၆	အဖွဲ့ဝင်	၀၉-၂၅၆၂၄၃၂၂၀

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၃	၁၁
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၂၀	၁၁	၃၁
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၀	၁၆	၃၆
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၈	၂၉	၅၇
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၀၄	၂၀၃	၅၀၇
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၉	၁၄	၂၃
စုစုပေါင်း		၃၈၉	၂၇၆	၆၆၅
စုစုပေါင်း အိမ်ထောင်စု				၁၃၅

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅) နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း ၁၃၅ အိမ်ထောင်ရှိပြီး လူဦးရေပေါင်း ၆၆၅ဦးရှိပါသည်။ တစ်အိမ်ထောင်ရှိပျမ်းမျှလူဦးရေမှာ၄.၉%ရှိပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၃၈	၁၁၆	၄၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရလုပ်ငန်းအ ဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း	၁	၄	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၁၄	၂၂	၀	မြင့် လတ် နိမ့်
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၄	၆	၀	မြင့် လတ် နိမ့်
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၃၄	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၁	၀	၀	မြင့် လတ် နိမ့်
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၁	၀	၀	မြင့် လတ် နိမ့်
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၆၀	၇၂	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့်အိမ်ထောင်စုမှာ ၃၈အိမ်ရှိပြီး ကျောက်မြတ်ရှာဖွေခြင်းလုပ်ငန်း၊ ဆောက်လုပ်ရေးပန်းရံလုပ်ငန်း၊ လက်လီလက်ကားအရောင်းအဝယ်လုပ်ငန်းများတွင်လည်းလုပ်ကိုင်ကြသည်။ အခြားမှာ ကျပန်းလက်လုပ်လက်စားများဖြစ်သည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် တစ်ရက်လုပ်ခအနေဖြင့် အမျိုးသား ၅၀၀၀ မှ ၈၀၀၀ ကျပ်အထိရှိပြီး အမျိုးသမီးမှာ ၃၀၀၀ မှ ၅၀၀၀ ကျပ်အထိရှိသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၀.၀၀	ကောင်း သင့် ညံ့
ယာမြေ / တောင်ယာမြေ	၀.၀၀	ကောင်း သင့် ညံ့
ဥယျာဉ်ခြံမြေ	၆၃၁.၂၀	ကောင်း သင့် ညံ့
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း သင့် ညံ့
ခနိတောမြေ	၀.၀၀	ကောင်း သင့် ညံ့
စားကျက်မြေ	၀.၀၀	ကောင်း သင့် ညံ့
မြေလွတ်မြေလပ်	၀.၀၀	ကောင်း သင့် ညံ့
စုစုပေါင်း	၆၃၁.၂	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် စိုက်ပျိုးမြေအနေဖြင့် ဥယျာဉ်ခြံမြေသာရှိပြီး မြေအရည်အသွေးမှာ သင့်တင့်သည့်အခြေအနေရှိသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)			အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များစွာ	သင့်သည်း	နည်းသည်	မရှိ	လွယ်ကူအသုံးမပြုနိုင်ပါ
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များစွာ	သင့်သည်း	နည်းသည်	မရှိ	လွယ်ကူအသုံးမပြုနိုင်ပါ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များစွာ	သင့်သည်း	နည်းသည်	မရှိ	လွယ်ကူအသုံးမပြုနိုင်ပါ
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များစွာ	သင့်သည်း	နည်းသည်	မရှိ	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် ကျောက်မြတ်ရတနာများရှိသော်လည်း ဒေသခံများ ထုတ်ယူသုံးစွဲခွင့်မရှိပါ။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၁	၅၃	၅၂	၁၉

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် အလယ်အလတ်နှင့် မပြေလည်သောအိမ်ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏၃၉%စီရှိကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကောက်ယူထားခြင်းမရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			၀
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် ကူညီစောင့်ရှောက်မှုလိုအပ်သောမိသားစုမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	လတ်
		နိမ့်	မရှိ
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေစိုက်ပျိုးရေ)	မြင့်	လတ်
		နိမ့်	မရှိ
၃	ရေကြီးခြင်း	မြင့်	လတ်
		နိမ့်	မရှိ
၄	မိုးခေါင်ခြင်း	မြင့်	လတ်
		နိမ့်	မရှိ
၅	အအေးလွန်ကဲခြင်း	မြင့်	လတ်
		နိမ့်	မရှိ
၆	မုန်တိုင်း	မြင့်	လတ်
		နိမ့်	မရှိ
၇	ငလျင်	မြင့်	လတ်
		နိမ့်	မရှိ
၈	မီးဘေး	မြင့်	လတ်
		နိမ့်	မရှိ
၉	ဆားငန်ရေဝင်မြေ	မြင့်	လတ်
		နိမ့်	မရှိ
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်	လတ်
		နိမ့်	မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်	လတ်
		နိမ့်	မရှိ
၁၂	၄က်ဖျားရောဂါ	မြင့်	လတ်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	
		နိမ့်	မရှိ
၁၃	တီဘီရောဂါ	မြင့် နိမ့်	လတ် မရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် နိမ့်	လတ် မရှိ
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် နိမ့်	လတ် မရှိ
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် နိမ့်	လတ် မရှိ
၁၇	လူကုန်ကူးခြင်း	မြင့် နိမ့်	လတ် မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် နိမ့်	လတ် မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် ရေကြီးခြင်း၊ အအေးလွန်ကဲခြင်း အခြေအနေများတွင် ထိခိုက်မှု အလယ်အလတ်ရှိသော်လည်း သဘာဝအရင်းအမြစ်ရှားပါးမှု၊ မုန်တိုင်း၊ မြေပြိုခြင်း၊ သစ်တောပြုန်းတီးခြင်းများမှာ အနည်းငယ်အခြေအနေတွင်တွေ့ရသည်။ ရေနီချောင်းမှ ရေကြီးခြင်း ကမ်းဘားပြိုခြင်းများ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် လတ် နိမ့် မရှိ
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် လတ် နိမ့် မရှိ
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် လတ် နိမ့် မရှိ
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် လတ် နိမ့် မရှိ
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် လတ် နိမ့် မရှိ
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် လတ် နိမ့် မရှိ
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် လတ် နိမ့် မရှိ
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် လတ် နိမ့် မရှိ
၉	ငါးကန်ပိုင်ရှင်များ	မြင့် လတ် နိမ့် မရှိ
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် လတ် နိမ့် မရှိ
၁၁	လူနည်းစုလူမျိုးများ	မြင့် လတ် နိမ့် မရှိ
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် လတ် နိမ့် မရှိ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်မဲ့	လတ် မရှိ	နိမ့်
၁၄	ရွှေတွင်းလုပ်သားများ	မြင့်မဲ့	လတ် မရှိ	နိမ့်
၁၅	ဆေးစွဲသူများ	မြင့်မဲ့	လတ် မရှိ	နိမ့်
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်မဲ့	လတ် မရှိ	နိမ့်
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့်မဲ့	လတ် မရှိ	နိမ့်
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်မဲ့	လတ် မရှိ	နိမ့်
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်မဲ့	လတ် မရှိ	နိမ့်
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်မဲ့	လတ် မရှိ	နိမ့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် ဆေးစွဲသောလူငယ်များအတွက် ထိခိုက်မှု အမြင့်ဆုံးကို တွေ့ရှိရသည်။ မြေယာမဲ့ကျပန်းမိသားစုများ ကျောက်တူဖော်ရေးလုပ်သူများ၊ လှည့်လည်စျေးရောင်းသူများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ကားမောင်းအသက်မွေးသူများသည် ထိခိုက်မှုအနည်းငယ်ရှိသည်ကိုတွေ့ရှိရပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	မီးသတ်တပ်ဖွဲ့	၁ ၂ ၃	၅	၀	၅	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း သင့် ညံ့
၂	မီးကော်မတီ	၁ ၂ ၃	၅	၀	၅	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း သင့် ညံ့
၃	ပညာရေးအဖွဲ့	၁ ၂ ၃	၁	၄	၅	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး	ကောင်း သင့် ညံ့

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	
၄	ကျောင်းကော်မတီ	၁ ၂ ၃	၅	၅	၁၀	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်သည့်
၅	ကျေးရွာဆွမ်းကပ်အဖွဲ့	၁ ၂ ၃	၁၂	၀	၁၂	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်သည့်
၆	အလင်းရောင်လူမှုကူညီရေးအဖွဲ့	၁ ၂ ၃	၂	၃	၅	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်းသင့်သည့်
၇	ထမင်းကျွေး အဖွဲ့	၁	၂၀	၂၉	၄၉	ပညာရေး ငွေကြေး	ကောင်း

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
		၂ ၃				ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	သင့် သည့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင်ကျေးရွာတွင်းအဖွဲ့အစည်းများအနေဖြင့် လူမှုရေးအဖွဲ့များ များစွာရှိပြီးဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့ ၂ဖွဲ့ နှင့် စီးပွားရေးအဖွဲ့ ၁ဖွဲ့ရှိသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မြို့နယ်မီးသတ်တပ်ဖွဲ့	၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၂	PSI မိုးကုတ်	၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး
၃	မိုးကုတ်မြေတ်စေတနာ လူမှုကူညီရေးအသင်း	၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး
၄	မိုးကုတ်ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့	၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး
၅	ဝုန်းမေတ္တာ တန့်ယန်းမြို့	၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး
၆		၁ ၂ ၃ ၄ ၅ ၆ ၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာ ရေး စိုက်ပျိုးမွေးမြူ ရေး သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင်ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအရ အရပ်ဘက်လူမှုအဖွဲ့အစည်း ၂ဖွဲ့၊ ပရဟိတအဖွဲ့ ၂ ဖွဲ့နှင့် အစိုးရမဟုတ်အဖွဲ့အစည်း ၁ဖွဲ့တို့ရှိသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၆၇	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၂	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၇	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၃၂	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁၇	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၃၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် မြေယာမဲ့ ၆၇အိမ်ထောင်စုရှိပြီး အများစုမှာ ၅မှ ၁၂.၅ ဧကအထိပိုင်ဆိုင်သူများဖြစ်သည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၅	အဝိစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၇	စိမ့်စမ်းရေ	၆၃၁.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ
၈	ချောင်းရေ	၃၀.၀၀	တစ်နှစ်ပတ်လုံး ရာသီအလိုက် မဖြေဆိုပါ	ရှိ မရှိ မဖြေဆိုပါ

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် စိုက်ပျိုးရေးအတွက် စိမ့်စမ်းရေနှင့် ချောင်းရေကို အသုံးပြုကြပြီး နှစ်စဉ်လုံလောက်စွာရရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
လက်ဖတ်	၀	၀ိသာ	၂၀၀၀	၂၅၀၀	၂၂၅၀			မြင့်လတ်နိမ့်	မြင့်တက်လာနိမ့်
မက်မန်း	၀	လုံး	၃၀၀၀၀	၄၀၀၀၀	၃၅၀၀၀			မြင့်လတ်နိမ့်	မြင့်တက်လာနိမ့်
								မြင့်လတ်နိမ့်	မြင့်တက်လာနိမ့်
								မြင့်လတ်နိမ့်	မြင့်တက်လာနိမ့်
								မြင့်လတ်နိမ့်	မြင့်တက်လာနိမ့်
								မြင့်လတ်နိမ့်	မြင့်တက်လာနိမ့်

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် အဓိက လက်ဖတ်နှင့် မက်မန်းကို စိုက်ပျိုးကြသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

၎ယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၀	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၁၆	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာအနေဖြင့် မြတ်ရိတ်စက် ၁၆ လုံးရှိသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း ကောင်း သင့်တင့်မျှတ မဖြေဆိုပါ
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း ကောင်း သင့်တင့်မျှတ မဖြေဆိုပါ
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ အသင့်အတင့်ရှိ မဖြေဆိုပါ
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ရသည် မဖြေဆိုပါ
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် မဖြေဆိုပါ
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ဝယ်ယူရနိုင်သည် မဖြေဆိုပါ
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ဝယ်ယူရနိုင်သည် မဖြေဆိုပါ
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည် ရနိုင်သည် မဖြေဆိုပါ
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည် ရနိုင်သည် မဖြေဆိုပါ
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် သီးနှံများကိုရောင်းချနိုင်သည် မဖြေဆိုပါ

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ချောင်းကြီးမာနားကျေးရွာတွင် သီးနှံအထွက်တိုးစေရန် သဘာဝရေမြေရာသီဥတု၊ လယ်ယာမြေအသုံးချနိုင်မှုနှင့် ရေအရင်းအမြစ်များသည် သင့်တင့်သည့်အခြေအနေတွင်ရှိသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

